
ကျေးဇူးတော်ရှင်

အောင်ဆန်းဆရာတော်

# ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ

၏

# ဓမ္မဒဿနကြည့်ဝါဒများ



အောင်ဆန်းဆရာတော်

ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ

၏

# ဓမ္မဒေသနာ ပြဝါဒများ

ဦးတင်ဖေ စီစဉ်ပူဇော်သည်

မယ်တော်ကြီး ဒေါ်မြလေးစိန် ၏ ၇၇-နှစ်မြောက် မွေးနေ့အထိမ်းအမှတ်
ဓမ္မလက်ဆောင်

ဓမ္မဒေသနာဩဝါဒများ

# ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း
ပိုင်ပိုင်
("ရွှေသံလွင်" ဖုန်း - ၂၈၅၈၄၆)

ကွန်ပျူတာစာစီ
"ရွှေသံလွင်"
(ဖုန်း - ၂၈၅၈၄၆)

စာတည်း နှင့် စီစဉ်ပူဇော်သူ
ကိုရွှေသောင်းဝင်း

ပုံနှိပ်
ဦးတင်အောင်ကျော် - စွယ်တော်ပုံနှိပ်တိုက်
၈၇/၅၆၊ လမ်းတို၊ ပုဇွန်တောင်၊ ရန်ကုန်။

အုပ်ရေ - ၁၀၀၀
တန်ဖိုး - ဓမ္မဒါန

ထုတ်ဝေသည့်ခုနှစ်
၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ။

## ဆန္ဒမွန်

မိမိသည် ၁၉၈၄–ခုနှစ်မှစ၍ ဆယ်စုနှစ် ၂– ခုနီးပါးအတွင်း တရားစခန်းပေါင်း ၉၆–ကြိမ်မျှ ဖွင့်လှစ်ကာ တရားဟောပြသ သာသနာပြုခဲ့ပါသည်။ ထိုစဉ်အတွင်း မိမိ၏ ဟောတရားများမှ သင့်နိုးရာရာလေးများကို စာရေးဆရာ ကိုရွှေသောင်းဝင်း၏ စီစဉ်မှုဖြင့် **"ဝိပဿနာမြင်ကွင်း"** မှစ၍ စာစဉ် ၁၀– ခုထိ ထုတ်ဝေပြီးဖြစ်ပါသည်။ ယခုလည်း **"သမထဝိပဿနာနှင့် စိတ္တာနုပဿနာရှုနည်း"** တရားခွေများကို **ရင့်ကျက်စိတ်ထား ဉာဏ်စွမ်းအားဖြင့်** ဟူသောအမည်ဖြင့် ထုတ်ဝေပြီးဖြစ်သည်။

မိမိအနေဖြင့် ဟောတရားများကို စာအုပ်အဖြစ် ထုတ်ဝေရာ၌ (ရိုးသားစွာဝန်ခံရပါမူ) စီးပွားရေး သဘောအရမဟုတ်ဘဲ **"နှုတ်တစ်ရာ စာတစ်လုံး"** ဆိုစကားအရ စာပေမှတ်တိုင် တစ်ခုအဖြစ် လည်းကောင်း၊ မြတ်ဗုဒ္ဓ၏ဒေသနာတော်အဆီအနှစ်များကို မိမိဉာဏ်မီသမျှ သဘောပေါက်သမျှလေးဖြင့် ဓမ္မ– ဂဝေသီ (တရားရှာဖွေသူ) ယောဂီသူတော်စင်တို့အား မျှဝေခံစား စေခြင်းအဖြစ်လည်းကောင်း ထုတ်ဝေခဲ့ခြင်းဖြစ်ရာ စီးပွားရေးသဘောအရ ဈေးကွက်သို့ ခြေလှမ်းသွက်သွက် ဝင်ရောက်ခဲ့ခြင်းမရှိသဖြင့် မိမိ၏

ထုတ်ဝေသမျှစာစဉ်အားလုံး စာဖတ်ပရိသတ်၏ လက်ဝယ်သို့ တစ်စုတစ်ဝေးတည်း ရောက်သည်ဟု မဆိုနိုင်ပါ။ တစ်အုပ်စ၊ နှစ်အုပ်စသာ ရောက်ရှိနိုင်ပါသည်။

သို့ရာတွင် ဒါယကာကြီး ဦးတင်ဖေကမူ မိမိထုတ်ဝေပြီးသမျှ စာစဉ်အားလုံးကို ဖတ်ရှုပြီး ပြန်ပြောင်းသတိရခြင်းအနေဖြင့် ကောင်းနိုးရာရာလေးများကို နုတ် (Note) ထုတ်ကာ "**ဓမ္မဿနသြဝါဒများ**" ဟူသော အမည်ဖြင့် စုစည်းစီစဉ်ထားသည်ကို တွေ့ရှိရသဖြင့် မိမိ၏ ပန်းဥယျာဉ်သို့ ဝင်ရောက်စားသုံး ပြုံးပျော်ကြသည့် ပျားပိတုန်းကလေးများကိုကြည့်ကာ ကြည်နူးရသောဥယျာဉ်မှူး၏ပီတိနှင့် ထပ်တူပြုရပါတော့မည်။

စုစည်းစီစဉ်ပူဇော်သူ၏ စေတနာ သဒ္ဓါ ဝီရိယအားတို့ကို ဂုဏ်ယူဝမ်းမြောက်ရင်း ဤစာစုငယ်မှ "**ဓမ္မဝတ်ရည်**" များကို ပျားပိတုန်းများသဖွယ် စားသုံးနိုင်ကြပါစေဟူသော ဆန္ဒမွန်ဖြင့် . . .

ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)
မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)
တောရတပ်ဦးကျောင်း၊ အောင်ဆန်းမြို့
အင်းစိန်မြို့ ☎ ၆၄၁၉၆၆

မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော်

ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ၏ ဓမ္မဒေသနာ ပြဒါဒများ

(ပြန်ပြောင်းအမှတ်ရခြင်း)

ဆရာတော်၏နှုတ်ဖြင့် ထုတ်ဖော်ပြောကြားခဲ့သော တရားတော်များဖြစ်သည့်

- ဝိပဿနာမြင်ကွင်း၊
- မွေ့ခံထိုက်စေ လှူမှုဝေ၍၊
- ဒါနပန်းဆင် လမ်းကောင်းထွင်၊
- ဗုဒ္ဓညွှန်ကြား မသေဆေးတရား၊
- ငြိမ်းချမ်းရေးဓမ္မဒေသနာ၊
- ကာကွယ်ရေးဓမ္မဒေသနာနှင့် ဗုဒ္ဓဘာသာ မြင်ကွင်း
- ရင့်ကျက်စိတ်ထား ဉာဏ်စွမ်းအားဖြင့်

စသောတရားတော်များကို အသံသွင်းတိတ်ခွေအဖြစ်သော်လည်းကောင်း၊ စာအုပ်များအဖြစ်သော်လည်းကောင်း ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ထိုသို့သော တိတ်ခွေများနှင့် တရားစာအုပ်များအား ဉာဏ်ဖြင့် နှလုံးသွင်းသောက်သုံးရယူဆဲ ဖြစ်ပါသည်။ ဤသို့ နှလုံးသွင်း သောက်သုံးရယူထားသည့် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်၊

မေတ္တာတရား၊ ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ ဝိပဿနာ စသည်များနှင့်ပတ်သက်သော ဆရာတော်၏ ဓမ္မဒေသနာသြဝါဒ (တရားစု) အညွှန့်အဖူးများထဲမှ လိုရင်း၊ တိုရှင်း၊ လေ့လာမှတ်သား ပွားများအားထုတ်ကျင့်ကြံနိုင်ကြစေရန် တရားစာစုအချို့ကို ပြန်ပြောင်းအမှတ်ရခြင်းဖြင့် ထုတ်နုတ်ရေးသားပြုစုကာ ဆရာတော်အား ပူဇော်ကန်တော့ပါ၏ဘုရား။

ဦးတင်ဖေ စီစဉ်ပူဇော်သည်

# မဟာကမ္မဋ္ဌာနာစရိယ၊ အောင်ဆန်းဆရာတော်

## ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ၏

## ဓမ္မဒေသနာ ပြဒါဒများ

တရားအားထုတ်ရမှာ

ဉာဏ်မဦးခင် အသေဦးသွားရင် ဒကာဒကာမတွေ ကိုယ်ကျိုးလုလု နည်းပါလိမ့်မည်။ ဒါကြောင့် မအိုခင်၊ မနာခင်၊ မသေခင် တခြားလုပ်ရမှာလား၊ တရားအားထုတ်ရမှာလား (တရားအားထုတ်ရမှာပါဘုရား)။

- မအိုသေးခင်၊ တရားဝင်၊ အဆင်ပြေလုသည်၊ အိုသောခါမှ တရားမရ၊ မှားကြပါလိမ့်မည်။
- မနာသေးခင်၊ တရားဝင်၊ အဆင်ပြေလုသည်၊ နာသောခါမှ တရားမရ၊ မှားကြပါလိမ့်မည်။
- မသေသေးခင်၊ တရားဝင်၊ အဆင်ပြေလုသည်၊ သေသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## နလုံးသွင်းမှားသွားပြီ (အကုသိုလ်)

သီတင်းကျွတ်ရင် ပျော်ရွှင်စရာလေးတွေ စဉ်းစားပြီး တို့ ဘယ်သွားပြီး ပျော်ပွဲစားရင်ကောင်းမလဲ ဆိုကတည်းက ဒါ တခြားလား။ အကုသိုလ်လား (အကုသိုလ်)။ နှလုံးသွင်းမှားသွားပြီလေ။ ပျော်ဖို့ပါးဖို့ စဉ်းစားရင် အကုသိုလ်ပေါ့။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## နလုံးသွင်းမှန်တော့ (ကုသိုလ်)

သီတင်းကျွတ်သွားပြီ။ အမယ်လေး...သေဖို့ တစ်ရက်နီးလာပြန်ပြီဆိုရင် ဟော...အဲဒါ သံဝေဂ၊ ဓမ္မသံဝေဂပေါ့ဗျာ။ သံဝေဂဆိုတာ တခြားလား၊ ကုသိုလ်ဖြစ်တာလား (ကုသိုလ်ဖြစ်တာပါ ဘုရား)။ ဒကာ ဒကာမတွေ နှလုံးသွင်းမှန်တော့ ကုသိုလ်ဖြစ်တာပေါ့။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## အို၊ နာ၊ သေဘေး ပြေးမလွတ် (အကုသိုလ်)

အိုတာ၊ နာတာကလည်း တားလို့ရရဲ့လား၊ (မရပါဘုရား)။ ဒကာ ဒကာမတွေ ဒီဘေးကြီးက ပြေးလွတ်ပါမလား။ ဟိုကောင်းကင်ပေါ် တက်နေဆို

လည်း အို၊ နာ၊ သေဘေး ပြေးလွတ်ပါ့မလား (မလွတ်ပါ)။

- မအိုချင်ဘဲ အိုလည်း အိုရသည်။
- မနာချင်ဘဲ နာလည်း နာရသည်။
- မသေချင်ဘဲ သေလည်း သေရသည်။
- ဤ သုံးဘေး ပြေး၍မလွတ်ပြီ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

ရုပ်နာမ်တွေရှိလျှင်

ရုပ်နာမ်တွေရှိလျှင် မုချ အိုမယ်၊ ရုပ်နာမ်တွေရှိလျှင် မုချ နာမယ်။ ရုပ်နာမ်တွေရှိလျှင် မုချသေမယ်။

ဇာတ်သိမ်းမှသာလျှင် အို နာ သေ လွတ်ပါလိမ့်မယ်။

- ရုပ်နာမ်ရှိက မုချ အိုမည်၊
- ရုပ်နာမ်ရှိက မုချ နာမည်၊
- ရုပ်နာမ်ရှိက မုချ သေမည်၊
- ရုပ်နာမ်ငြိမ်း ဇာတ်သိမ်း ဘေးသုံးလီ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## ကိုယ်ကျိုးမနည်းဘူးလား

အားမှုလုပ်မယ်၊ အားမှုလုပ်မယ်ဆိုပြီး အားရက် စောင့်မယ်ဆိုလို့ရှိရင် ''ခေါင်း'' ထဲဝင်တဲ့နေ့ပဲ။ ဒီလို ဖြစ်ရင် အားရက်ကို မစောင့်နဲ့တော့။ ဒီကနေ့သည် ကိုယ့်အတွက်၊ မနက်ဖြန်သည် ကိုယ့်အတွက် မဟုတ် ဘူးလေ။ အနာဂတ်ဆိုတာ မသေချာဘူးတဲ့။ မတော် ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် ဆိုသလို ညသေသွား ဘယ့်နှယ်လုပ်မလဲ ကိုယ်ကျိုး မနည်းဘူးလား။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## သက်တမ်းတွေက တိုလွန်းလို့

သက်တမ်းတွေက တိုလွန်းလို့၊ သက်တမ်းတို အချိန်တိုလေးအတွင်းမှာ ကိုယ့်ဖို့ပါအောင် မြန်မြန် အလုပ်လုပ်ကြရမှာ၊ သဘောပေါက်ရဲ့လား။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## သေခြင်းတရား

သေခြင်းတရားနှင့်ရင်ဆိုင်ရတဲ့အခါ ဘယ်လိုရင် ဆိုင်ကြမလဲဆိုတော့ ဒီတရားအားထုတ်ထားတဲ့ပုဂ္ဂိုလ်

က အဲဒီမေးခွန်းကို ဖြေနိုင်တယ်။ ပဋိစ္စသမုပ္ပါဒ်ကို ဖြစ်ကြောင်း လည်ကြောင်းနဲ့တကွ သဘောကျပြီး အားထုတ်ထားတဲ့ပုဂ္ဂိုလ်ဆိုရင် ဖြေနိုင်တယ်။ အားထုတ် မထားတဲ့ပုဂ္ဂိုလ်ကျတော့ ဘယ်လိုမှ မဖြေနိုင်ဘူး။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## ကံအကျိုးပေး အပါယ်

လောဘ ဒေါသ မောဟတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ စတဲ့ တရားတွေ ဝင်လာပြီဆိုတာနဲ့ ဟော. . သေသည်၏ အခြားမဲ့၌ အပါယ်မကျဘူးလား (ကျပါတယ်ဘုရား)။ ဒီဘဝမှာ အထက်တန်းကျကျ မျက်နှာပန်းလှလှနဲ့ ဝမ်းသာစရာကောင်းပါရဲ့။ တကယ်သေတဲ့အခါကျတော့ အလောင်းလှသုသာန်၊ ကံအကျိုးပေးက အပါယ်ဆိုရင် ကောင်းပါဦးမလား။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## နိဗ္ဗာန်

ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့တရား နာပြီးတော့ ကိုယ်တိုင်ပြတ်အောင် ကြိုးစားအားထုတ်မှသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိမ့်မယ်။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## မသာပဲ ပေါ်မှာပဲ

ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ရသူတိုင်း နောက်ဆုံးတော့ မသာပေါ်မှာပဲ၊ အထင်မကြီးနဲ့ မသာဖြစ်ဦးမှာပဲ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## ချင့်ချိန်ယုံကြည်ပါ

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဆိုတာ အရိယာဝိဇ္ဇာတွေ၊ အဲဒီဝိဇ္ဇာတွေရှိနေတဲ့အချိန်အခါမှာ လောကီ ဝိဇ္ဇာတွေ အနားတိုးလို့ကို မရဘူး။ အဲဒီတော့ ဒီကနေ့ လောကီ ဝိဇ္ဇာ ဘာညာဆိုရင် ဒကာ ဒကာမတွေ ချင့်ချိန်ယုံကြပါ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## အပါယ်ကျနိုင်တယ်

ပဋိစ္စသမုပ္ပါဒ် လည်တဲ့နည်းနဲ့ ဝတ်ရင် ဒကာ ဒကာမတွေ အပါယ်စာဖြစ်လိမ့်မယ်။ ပဋိစ္စသမုပ္ပါဒ် ဖြတ်တဲ့နည်းနဲ့ဝတ်မှသာလျှင် အဝတ်ဝတ်ရင်းနဲ့ နိဗ္ဗာန်ရနိုင်တယ်။ အဝတ် မဝတ်တတ်လို့ရှိရင် အပါယ်ကျနိုင်တယ်။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## လောဘနဲ့သေတော့ ပြိတ္တာ

အဝတ်ဝတ်ရင်း သာယာစိတ်နဲ့များ သေမယ်ဆိုရင် ဇာတိဆိုတာ တခြားဇာတိလား၊ အပါယ်ဇာတိလား (အပါယ်ဇာတိပါဘုရား)။ သာသာယာယာ စိတ်နဲ့ သဘောကျပြီး သေရင် ပြိတ္တာဇာတိဖြစ်မယ်။ ဘာလို့လဲဆိုတော့ အဝတ်ပေါ်မှာ သာယာတယ် သဘောကျတယ်ဆိုတာ တခြားလား၊ လောဘလား (လောဘပါဘုရား။ လောဘနဲ့သေတော့ ပြိတ္တာ။

◆ လောဘနဲ့သေ ပြိတ္တာပြည် ရောက်လေကေန်သာ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## ဒေါသနဲ့သေ ငရဲပြည်

ကိုယ်ဝတ်ချင်တာက ကျပ်နှစ်ထောင် သုံးထောင်တစ်သောင်းတန်၊ ဝတ်ရတာက ရာကျော်တန်ဆိုတော့ ကျေနပ်မှုမရှိဘူး။ မကျေနပ်တာထက်စာရင် တခြားရောက်မှာလား ငရဲရောက်မှာလား (ငရဲရောက်မှာပါဘုရား)။ ဒါကြောင့် ငရဲရောက်ရတာဟာ တခြား

ကြောင့်လား၊ ဒေါသကြောင့်လား (ဒေါသကြောင့်ပါဘုရား)။ မကျေနပ်တဲ့အခါ ဒေါသကြောင့်။

◆ ဒေါသနဲ့သေ ငရဲပြည်၊
ရောက်လေကေန်သာ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

မောဟနဲ့သေတော့ တိရစ္ဆာန်

အဝတ်တော့ဝတ်လိုက်တာပဲ။ ဘာမှန်းတော့ မသိပါဘူး။ ကောင်းမှန်းလည်းမသိ၊ ဆိုးမှန်းလည်း မသိ၊ ဘာမှန်းညာမှန်းမှ မသိပါဘူးကွာဆိုတဲ့ ပုဂ္ဂိုလ်မျိုးတော့ တခြားလား၊ မောဟလား (မောဟပါဘုရား)၊ ဒီလိုဖြင့် မောဟဆိုတာ အဝိဇ္ဇာရဲ့ တရားကိုယ်ပဲ။ ဒီလိုဖြင့် အဲဒီ အဝတ်ဝတ်တဲ့ပုဂ္ဂိုလ်ဟာ တခြားနဲ့ ဝတ်တာလား၊ အဝိဇ္ဇာနဲ့ဝတ်တာလား (အဝိဇ္ဇာနဲ့ဝတ်တာပါဘုရား)၊ အဝိဇ္ဇာနဲ့ဝတ်တဲ့ပုဂ္ဂိုလ်ဟာ ဝတ်ရင်းနဲ့ပဲ သေသွားမယ်ဆိုရင် တခြားလား၊ တိရစ္ဆာန်လား (တိရစ္ဆာန်ပါဘုရား)။

◆ မောဟနဲ့သေ တိရစ္ဆာန်ပြည်၊
ရောက်လေကေန်သာ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

### မရှုမလှ အပါယ်ကျမယ်

ငါဆိုတာက ဒိဋ္ဌိ၊ ငါ့အိမ် ငါ့ကား ငါ့စီးပွား ဆိုတော့ တဏှာ၊ ငါ့သား ငါ့သမီး ငါ့စီးပွားတွေကြောင့် ငါဆိုမှငါလို့ လက်မထောင်တာက မာန။ ဒီလို တဏှာ မာန ဒိဋ္ဌိတရားတွေ ပေါ်တာဟာ အမှန်ကို မြင်လို့ လား၊ အမှန်မမြင်လို့လား (အမှန်မမြင်လို့ပါဘုရား)၊ အမှန်မမြင်တဲ့အတွက် ဒိဋ္ဌိတွေ ပေါက်ဖွားတယ်။ တဏှာမာန်တွေ ကြီးမားတယ်။ အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ အကြောင်းသမုဒယသစ္စာ။ အဲဒီ အကြောင်း သမုဒယကြောင့် မရှုမလှ အပါယ်ကျမယ်ဆိုတာ မြဲမြဲကြီး မှတ်လိုက်ရအောင်ယောဂီတို့။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

### အားကိုးရာ အစစ်အမှန်တရား အားထုတ်ထားမှ

သေရမှာကလည်း မလွဲကေန်ဖြစ်လေတော့ ကိုယ့်သေခြင်းတရား ကိုယ်စဉ်းစားပြီး ''ငါတို့ မအိုမီ၊ မနာမီ၊ မသေမီ ခုလို ကျန်းကျန်းမာမာ ချမ်းချမ်း သာသာ အစစအရာရာ အဆင်ပြေတုန်းမှာ ငါတို့ အတွက် အားကိုးရာအစစ်အမှန်တရားတော့ အားထုတ် ထားမှပဲ'' လို့ ဒီလိုဆုံးဖြတ်ချက်ချရမယ်။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## ကုသိုလ်တရားတွေနဲ့ သေဖော်ညှိလိုက်ကြ

ကိုယ့်ကိုအကျိုးပြုမယ့်တရားတွေ လျစ်လျူရှုခဲ့ရမှာလား၊ ကိုယ့်အဖော်အဖြစ် ခေါ်သွားရမှာလား (အဖော်ခေါ်သွားရမှာပါဘုရား)။ ဒါဆိုရင် တို့ဒကာ ဒကာမတွေက ကောင်းမှုကုသိုလ် တရားတွေနဲ့ သေဖော်ညှိလိုက်ကြ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## ပေးတုန်းအရယူ

မရဏခေါ်တဲ့ တစ်ဘဝတာရဲ့နောက်ဆုံးကာလလေးကသာ အချိန်ပိုင်းအနေနဲ့ စောင့်နေတာ။ အဲဒီအချိန်ပိုင်းလေး စောင့်နေတဲ့အတွက် အသေမဦးခင် ရတဲ့အခွင့်အရေးလေးကို မလွှတ်တမ်း အသုံးချရမယ် ပေါ့။ အခွင့်အရေးဆိုတာ နှစ်ခါမပေးဘူး၊ ပေးတုန်း အရယူ။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## ပါနိုင်တာကို ယူသွားတာပဲ

သူက ရှိသမျှစည်းစိမ်တွေကို ဒါနပါရမီအဖြစ် အထုပ်ထုပ်ပြီး ဘဝအဆက်ဆက် ယူလာခဲ့တယ် ဆိုတော့ ပါနိုင်တာကို ယူသွားတာပဲ။

◆ မနေရလို့ သေရသောအခါ၊
ကိုယ့်နောက်ကိုမျှား ဘာများပါမှာ၊
ပစ္စည်းစုစု တစ်ခုမပါ၊
ကိုယ်ပြုခြား ကံမျှသာတို့ပါ။
*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## ဘယ်သူမှ မလိုက်ဘူး

တမလွန်ဘဝ ရောက်သွားလည်းပဲ သားသမီး ဇနီး ခင်ပွန်း အစ်ကို အစ်မတွေ ပါပါ့မလား (မပါ ပါဘုရား)။ ဘယ်သူမှ မလိုက်ဘူးနော်။ အားလုံးကျန် ရစ်မယ်။

◆ တမလွန်ဘဝ ပြောင်းကြရာဝယ်
သားသမီးနဲ့ ကိုကြီးကိုငယ်
ဦးလေးဦးကြီး ဒေါ်ကြီးတစ်သွယ်
စဉ်တစိုက် မလိုက်ကျန်ရစ်တယ်။
*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

## မဂ်ဖိုလ်လှမ်းတက်ရမယ်

ခန္ဓာကိုယ်ကြီးလည်း မြေကြီးထဲ မြှုပ်ရမယ်နော်။ အဲဒါကြောင့်မို့ ခန္ဓာကိုယ်ကို အရင်းပြုပြီးတော့ ဒီဘဝ ထဲမှာပဲ မဂ် ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ မဂ်ဖိုလ် လှမ်းတက်

ရမယ်။ ဒါကြောင့် မြန်မြန်သွား၊ မြန်မြန်စား၊ မြန်မြန် လုပ်၊ ကနေ့ နက်ဖြန် ရွှေ့မနေပါနဲ့။

◆ ခန္ဓာကိုယ်လည်း ထိုနည်းပုံနှယ်၊
သူမလိုက်ဘဲ ကျန်မြဲကျန်တယ်၊
ကိုယ်ကျင့်တရား ရှိငြားစေဖွယ်၊
မဂ်ဖိုလ်လမ်း ကြွလှမ်းစေဖို့ရှယ်။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

ဝိပဿနာဆိုတာ

ခန္ဓာကြီး အိုတာ နာတာကိုသိနေပြီး ကိုယ်သေ တာကျတော့ မသိဘူး။ ဝိပဿနာဆိုတာ ကိုယ်သေ တာကို သိအောင် အားထုတ်ရမယ့်တရား၊ ဝိပဿနာ ဆိုတာ ကိုယ့်အသေကို ရှုတဲ့တရား။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

ဒုက္ခပင်လယ်ဝေနေရပါလို၏

တချို့က ''အရိမေတ္တေယျဘုရား ဖူးတွေ့ရပြီး ကျွတ်တမ်း ဝင်ရပါလို၏'' လို့ ဒီလို ဆုတောင်းတတ် ကြတယ်။ တော်တော်များများ တောင်းတတ်ကြတယ်။ တော်တော် သတ္တိကောင်းတဲ့သူတွေ။ ဘုရားက ဘယ်တော့ပွင့်မှန်း မသိသေးဘူး။ ဒီကြားထဲ တွေ့လိုက်

ရမယ့်ဒုက္ခ၊ ခံလိုက်ရမယ့်ဒုက္ခ၊ ဒါဆိုတော့ ''ဘုရားနှစ်ဆူကြား ဒုက္ခပင်လယ်ဝေနေရပါလို၏'' လို့ ဆုတောင်းတာနဲ့ တူမနေဘူးလား။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

### အလောင်းကသုသာန်၊ ကံအကျိုးပေးက အပါယ်

တရားတွေသာ အားထုတ်မထားရင် တွန့်ကာလိမ်ကာနဲ့ သေရင်လည်းပဲ တခြားရောက်မှာလား၊ အပါယ်ရောက်မှာလား (အပါယ်ရောက်မှာပါဘုရား)။ အလောင်းက ဘယ်သွားမလဲ (သုသာန်မှာပါဘုရား)၊ အေး . . အလောင်းကသုသာန်၊ ကံ အကျိုးပေးက အပါယ်။

*(ဝိပဿနာမြင်ကွင်း ဓမ္မရသစာစုမှ)*

### ကိုယ်သေမယ့်နေ့ သိတယ်

ဝိပဿနာတရားကို ပိုင်ပိုင်နိုင်နိုင် အားထုတ်ထား၊ ကိုယ် ဘယ်နေ့သေမယ်ဆိုတာ သိတယ်။

*(မွေခံထိုက်စေ လှူမျှဝေ၍မှ)*

### အားထုတ်ဖို့ကတော့ ဝိပဿနာပါပဲ

ဒါနတရားလောက်နဲ့ ကျေနပ်နေလို့လည်း သေမယ့်နေ့ မသိနိုင်ဘူး။ သီလတရားလောက်နဲ့

ကျော့နပ်နေလို့လည်း မသိနိုင်ဘူး။ သမထနဲ့ ကျေနပ်နေလို့လည်း မဖြစ်သေးဘူး။ ဒီလိုဖြင့် ဒကာ ဒကာမတွေ ကျေကျေနပ်နပ်ကြီး အားထုတ်ဖို့ကတော့ ဝိပဿနာပါပဲ။

*(မွေခံထိုက်စေ လှူမျှဝေ၍မှ)*

## သေခြင်းတရားကို မသိဘူးဆိုရင်

အမှန်တကယ် မြဲနေတဲ့သေခြင်းတရားကို မသိဘူးဆိုရင် သိသင့်သိထိုက်တဲ့တရားကို မသိတော့ အဝိဇ္ဇာ၊ အဲဒီ အဝိဇ္ဇာ ဆိုတဲ့ အကုသိုလ်ဓမ္မနဲ့သေရင်ဖြင့် ငရဲလက်မှတ် ယူစရာမလိုပါဘူး၊ တန်းနေတာပါပဲ။ အင်မတန် ကြောက်စရာကောင်းပါတယ်နော်။

*(မွေခံထိုက်စေ လှူမျှဝေ၍မှ)*

## ပြိတ္တာကြီးဖြစ်ရတာ

ဒကာ ဒကာမတွေ ပြိတ္တာဖြစ်တယ်ဆိုတာ ကြီးမားတဲ့ အကုသိုလ်ကြီးမဟုတ်ဘဲနဲ့ ဟိုက သေခါနီးကာလမှာ သားစွဲ၊ မယားစွဲ၊ ပစ္စည်းဥစ္စာစွဲနဲ့ မကျွတ်ဘဲ ပြိတ္တာကြီးဖြစ်ရတာ။

*(မွေခံထိုက်စေ လှူမျှဝေ၍မှ)*

## လောဘနဲ့ သေတော့

ခန္ဓာငါးပါးကို ခန္ဓာလို့မမြင်တာက အဝိဇ္ဇာပါ။ ခန္ဓာငါးပါး သည် ဒုက္ခသစ္စာ။ ဒုက္ခကို ဒုက္ခမှန်းမသိရင်၊ ဒုက္ခသစ္စာကို မမြင်ရင် အဲဒီဒုက္ခကို သုခထင်ပြီး ကိုယ့်ခန္ဓာကို တွယ်တာတယ်ဆိုတော့ လောဘ။ လောဘနဲ့ သေတော့ ပြိတ္တာ။ ကဲ ဘယ်လောက် ကြောက်စရာကောင်းသလဲ။

*(မွေခံထိုက်စေ လှူမှုဝေ၍မှ)*

## သီလပျက်ရင်

သားသမီးဝတ်ပျက်ရင် သီလပျက်တယ်။ ဒါလေးလည်း ဗဟုသုတမှတ်ထားပါဦး။ မိဘနဲ့ပတ်သက်တဲ့ ပြုရမယ့်ဝတ္တရားတွေ သားသမီးမှာရှိပါတယ်။ ဝတ်ဆိုတာ သီလပေါ့တာ။ ဝတ်ပျက်ရင် သီလပျက်တယ်။ သီလပျက်ရင် အပါယ်ကျတယ်။ အောင်မယ်လေး ကြောက်စရာကောင်းတယ်။

*(မွေခံထိုက်စေ လှူမှုဝေ၍မှ)*

## ဉာဏ်အမြင် ကန်းနေကြတာ

တစ်ယောက်တိုးလာတာကျတော့ တစ်ခါတည်း ပြုံးလို့ ရွှင်လို့ တစ်ဆွေလုံး တစ်မျိုးလုံး။ ဒီတော့မှ မွေးနေ့ပွဲတွေ ကျင်းပရ၊ ဘာပွဲတွေကျင်းပရ၊ သတင်းစာထဲထည့်ကြော်ငြာရ၊ အမယ်လေး ပါတီပွဲတွေ ပေးရနဲ့။ ဒကာ ဒကာမတွေ စဉ်းစား ကြည့်စမ်း၊ သစ္စာနဲ့ ကြည့်တဲ့အခါကျတော့ အရှုံးတွေ၊ အကန်းတွေ ဖြစ်ကုန်တာ။ အဲဒီလိုလုပ်တာတွေ အမှန်မမြင်တဲ့အတွက် ဉာဏ်အမြင်ကန်းနေကြတာပါ။

(မွေခံထိုက်စေ လှူမျှဝေ၍မှ)

## အရှုံးအကန်းပျောက်ပြီ

ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာမျက်စိပွင့်တဲ့အခါကျတော့ တို့ အရှုံးအကန်းပျောက်ပြီဟေ့။ အဲဒီစာရင်းထဲ တို့ မပါတော့ဘူး။ ထွက်ပြီ ကနေ့ကစ လွတ်သွားပြီ။

(မွေခံထိုက်စေ လှူမျှဝေ၍မှ)

## အမုန်မြင်တဲ့စိတ်

လူတစ်ယောက်သေသွားတော့ ဩော်. . . သေမျိုးမို့ သေတာပဲဆိုတော့ ဝမ်းနည်းစရာ ဝမ်းသာစရာ မရှိပါဘူး။ အဲဒါ ဒကာ ဒကာမတွေ မဂ္ဂင်စိတ်ပဲ။ အမှန်မြင်တဲ့စိတ်၊ ယထာဘူတ ဉာဏ်ခေါ်တယ်။ အဲဒီ စိတ်မျိုး မွေးနိုင်အောင် ယနေ့ ဝိပဿနာ အားထုတ်ရတာ။

*(မွေခံထိုက်စေ လှူမျှဝေ၍မှ)*

## မဂ္ဂသစ္စာ

ကိုယ်သေတာလည်း မဆန်းတော့သလို သူသေတာလည်း မဆန်းတော့ဘူး။ အဲဒီလို မဆန်းတာကို မြင်တာသည် တခြားမဟုတ်ဘူး၊ မဂ္ဂင်ပဲ။ အဲဒါ သစ္စာဖွဲ့တော့ မဂ္ဂသစ္စာ။ အဲဒီ မဂ္ဂသစ္စာလည်း ကိန်းလည်း ကိန်းလိုက်ကော ဘယ်သူသေသေ ဩော်. . . သေမျိုးမို့ သေတာပဲဆိုတော့ ဝမ်းသာတာရော ဝမ်းနည်းတာရော မလာတော့ဘူး။

*(မွေခံထိုက်စေ လှူမျှဝေ၍မှ)*

## နိဗ္ဗာန်မရနိုင်ဘူး

ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ဘူးဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို သဘောမပေါက်ဘူးဆိုရင် ဒိဋ္ဌိမပြုတ်ဘဲနဲ့ ဘာတွေပဲလုပ်လုပ်၊ ဩော်... ဒိဋ္ဌိတန်းလန်းနဲ့ လုပ်သမျှသည် နိဗ္ဗာန် မရနိုင်ဘူး။

◆ သစ္စာမသိ ဒိဋ္ဌိမကွာ ပုဂ္ဂိုလ်မှာလျှင်
လူတွင် စကြာ နတ်မှာသိကြား
ဦးဖျား ပြဟ္မာ ဖြစ်တုံပါလည်း
ခန္ဓာပြိုကွဲ ကုသိုလ်စဲက ဖောက်လွဲပါယ်ရွာ
ရောက်မြဲသာတည်း။

◆ ဒိဋ္ဌိမပြုတ် ဒါနလုပ် ဒုက္ခတွေ့ရမည်။
◆ ဒိဋ္ဌိကိုဖြုတ် ဒါနလုပ် ဒုက္ခလွတ်ရမည်။

*(ဒါနပန်းဆင် လမ်းကောင်းထွင်)*

## ဒိဋ္ဌိဖြုတ်လှူတာ

ပကာသနတွေ မဖက်နဲ့၊ မာနစိတ်တွေ မဖက်နဲ့ ဒေါသမဖြစ်အောင်နေ၊ အလှူစိတ်ကို ကြည်ကြည်လင်လင်ထား။ အဲဒီတော့ ဒီအလှူ လှူပြီး လူချမ်းသာ နတ်ချမ်းသာရအောင် ဆိုတဲ့ လောဘမဖြစ်စေနဲ့၊ ဒိဋ္ဌိ

ဖြတ်ရမယ်။ ဒိဋ္ဌိဖြုတ်ပြီးတော့ လှူတဲ့အလှူဆိုတာ အဖြူအမည်း မရောတဲ့ အလှူ၊ နိရောဓသစ္စာ နိဗ္ဗာန် ကို အကျိုးပေးမယ့် အလှူ၊ အဖြူအမည်းမရောတဲ့ အလှူဆိုတာ ဒိဋ္ဌိဖြုတ်လှူ ခေါ်တယ်။

*(ဒါနပန်းဆင် လမ်းကောင်းထွင်မှ)*

## ဒါနပန်းဆင် လမ်းကောင်းထွင်လိုက်ကြပါ

ရရှိခန္ဓာကိုယ်ကို မလိုချင်၍ နောင်ရရှိမယ့် ခန္ဓာကိုယ် ကိုလည်း မလိုပြီးတော့ ဒုက္ခသစ္စာကြီးကို ကြောက်ခြင်း၊ ရွံ့ခြင်း၊ မလိုချင်ခြင်းဖြစ်ပါ၍ လှူဒါန်း ပါသည်ဘုရားဆိုပြီး ဒါနပန်းဆင် လမ်းကောင်းထွင် လိုက်ကြပါ ယောဂီတို့။

*(ဒါနပန်းဆင် လမ်းကောင်းထွင်မှ)*

## ဘာမျှ ကြောက်စရာမရှိပါဘူး

မှန်တဲ့သစ္စာတရားတွေကို ရင်ထဲမှာ ကိန်းထား ရင် လောကကြီးမှာ ဘာမျှ ကြောက်စရာမရှိပါဘူး။

*(၁၆/၁၇-၄-၉၄)*

### မသေဆေး

မသေခြင်း အမြိုက်ဆိုတော့ နိဗ္ဗာန်။ အဲဒီ အမြိုက်နိဗ္ဗာန် ကို အရင်းခံရှာလိုက်တော့ ဒကာ ဒကာမတွေ တခြားလား၊ မဂ္ဂင်လား (မဂ္ဂင်ပါ ဘုရား)။ ဒီတော့ မသေဆေးဆိုတာ မဂ္ဂင်ဆိုတာ ပေါ်ပြီပေါ့။ ဟော. . . မသေဆေး ဆိုတာ မဂ္ဂင်တရားပါပဲ။

(၁၆/၁၇-၄-၉၄)

### ဘယ်သူ့မျက်နှာမျှ မထောက်

အိုခြင်း နာခြင်းတွေ ပြီးတော့ သေခြင်းတရားက အားမနာ ပါးမနာ ဘယ်သူ့မျက်နှာ ဘယ်ပညာမျှ မထောက်ဘဲ သူ့ဓမ္မသဘောအရ တစ်ခါတည်း ဆောင် သွားရော။ ဒကာ ဒကာမတွေ ဘယ်သူ့မျက်နှာမျှ မထောက်ဘဲ ခေါ်သွားတယ်ဆိုတော့။

(၁၆/၁၇-၄-၉၄)

### ဇာတိအကျိုးဆက်

ဇာတိပစ္စယာ ဇရာမရဏကိုး။ ဇာတိရတာနဲ့ ကွာတဲ့ ဇရာမရဏက မုချအကျိုးအနေနဲ့ ဖြစ်ကို ဖြစ်ရမှာ။ တခြား သောကပရိဒေဝဆိုတာက တွေ့ချင်မှ တွေ့မှာ။ အဆင်မပြေရင် သောကရောက်မယ်။ အဆင်ပြေရင် မရောက်ဘူး။ အဲဒါကိုတော့ ဇာတိ အကျိုးဆက်၊ ဒါ မုချကျိုး မဟုတ်ဘူး။

(၁၆/၁၇-၄-၉၄)

## အိုပြီးရင် နာမှာ

အိုပြီးရင် နာမှာ။ ဒကာ ဒကာမတွေ နာမှ နာပါဦးမလားလို့ ဝမ်းများနည်းဦးမှာလား။ မနည်းနဲ့ စောင့်နေတယ်။ ဗျိုင်းစောင့်သလို ခဏကလေးပဲ။ အချိန်ပိုင်းကလေး စောင့်နေတာ။ မနက်ဖြန်လား၊ သန်ဘက်ခါလား ပြောလို့မရဘူး။

(၁၆/၁၇-၄-၉၄)

## သေခြင်းတရား

သေခြင်းတရားကတော့ ဘယ်သူ ဘယ်ဝါ ဘယ်ပညာတတ်မျှ အားမနာဘဲ ခေါ်မှာပဲ။ ဘယ်လောက်ပဲ အထက်တန်းရောက်နေနေ၊ ဘယ်လောက်ကြီးပဲ ပညာတတ်နေနေ၊ ဘယ်လောက်ကြီးပဲ ရာထူးဂုဏ်ဝါ စည်းစိမ်တွေရှိနေနေ တကယ့် သေမယ့်ဘေးနဲ့ ရင်ဆိုင်ရတော့ သူတို့တတ်တဲ့ အတတ်ပညာတွေ အသိပညာတွေ ရာထူးဂုဏ်ဝါတွေ ဘာတစ်ခုမျှ အားကိုးလို့မရတော့ဘူး ရှင်းရဲ့လား။

(၁၆/၁၇-၄-၉၄)

## သုဂတိနိမိတ်

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဘာဝနာ ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေနဲ့ ပျော်မွေ့တဲ့ ပုဂ္ဂိုလ် အတွက် ဘာမျှ စဉ်းစားမနေနဲ့။ လာခဲ့ သုဂတိနိမိတ် တွေ၊ ကောင်းတဲ့နိမိတ်တွေ လာမယ်ဆိုတာ သံသယ မရှိနဲ့တော့။

(၁၆/၁၇-၄-၉၄)

## သံသယ မဝင်ပါနဲ့

အပြောနဲ့သာ ရပ်မနေကြပါနဲ့။ တရားအလုပ် လုပ်ရင် တရားတဲ့လမ်းရောက်မယ်။ မတရားတဲ့အလုပ် လုပ်ရင် မတရားတဲ့လမ်း၊ မတရားတဲ့ဘုံ ရောက်မယ် ဆိုတာ သံသယမဝင်ပါနဲ့။

(၁၆/၁၇-၄-၉၄)

## အသေဖြောင့်အောင်လုပ်

သူများကို အနေဖြောင့်အောင် စဉ်းစားစိစဉ် ရလေ ကိုယ်အသေမဖြောင့်လေဘဲ မှတ်ပါ။ ဒီတော့ အသေဖြောင့်အောင် ဆိုရင် တခြားအလုပ် လုပ်ရမှာ လား။ ဝိပဿနာအလုပ် လုပ်ရမှာလား။(ဝိပဿနာ အလုပ် လုပ်ရမှာပါဘုရား)။

(၁၆/၁၇-၄-၉၄)

ဓမ္မသဘော

ပစ္စုပ္ပန်အနေအထားနဲ့တော့ လောကရဲ့ ဂုဏ်ဒြပ်အလိုက် အကြောင်းအကျိုးဆက်စပ်ပြီး မျက်နှာလိုက်ကောင်းလိုက်နိုင်သော်လည်း ဓမ္မသဘောနဲ့ကြည့်တော့ အကျိုးမှာ မျက်နှာမလိုက်တော့ဘူး။

(၁၆/၁၇-၄-၉၄)

တစ်တန်းစားတည်းပါပဲ

ဒကာ ဒကာမတွေ တစ်ကမ္ဘာလုံးမှာ အထက်တန်းကျ မျက်နှာပန်း လှပင် လှငြားသော်လည်း တကယ့် တကယ် ဇျာမိ မရဏတို့နဲ့ ရင်ဆိုင်တဲ့အခါမှာ တစ်တန်းစားတည်းပါပဲ။

(၁၆/၁၇-၄-၉၄)

သနားစရာကောင်းလိုက်တာ

ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်အတွက် သနားစရာကောင်းလိုက်တာ။ လောဘက လာခေါ်လိုက်၊ ဟိုမှာ ပြိတ္တာပြည် သွားရအောင်။ ဒေါသက လာခေါ်လိုက် ငရဲပြည်သွားရအောင်။ မောဟက လာခေါ်လာလိုက် တိရစ္ဆာန်ဖြစ်တာ ကောင်းတယ် လာလိုက်ခဲ့။ အမယ် ကိုယ့်မှာ ဝိပဿနာဉာဏ် (ဝါ) ဉာဏ်ချိန်ခွင်မရှိသူက ဘယ်လိုက်ရင် ကောင်းမလဲ၊ သူများပါးစပ်ဖျား လမ်းဆုံးနေတာ နော်။

(၁၆/၁၇-၄-၉၄)

## အဆိပ်သင့်နေကြတာ

ဒကာ ဒကာမတို့ အဆိပ်သင့်နေကြတာ မနည်းကုယူရမှာ။ အဆိပ်တက်နေလို့ ပြေဆေးတွေနဲ့ လုပ်နေရတာ။ တော်ကြာ လောဘစိတ်က လာလိုက်၊ ဒေါသစိတ်က လာလိုက်၊ မောဟစိတ်က လာလိုက်၊ သားရေးသမီးရေး၊ စီးပွားရေး၊ လူမှုရေး။ ဒီကြားထဲ ထပ်ထပ်ပြီး အဆိပ်က ပြန့်နေတာနော်။

(၁၆/၁၇-၄-၉၄)

## မသေမယ့်တရား

အဝိဇ္ဇာချုပ်မှ သင်္ခါရချုပ်မယ်၊ သင်္ခါရချုပ်မှ ဝိညာဏ် ချုပ်မယ်၊ ဒါမှ သေခြင်းကို စိန်ခေါ်ရမှာ၊ သေခြင်းကို ဒကာ ဒကာမတွေ စိန်ခေါ်ရမယ့်တရား၊ တစ်နည်းအားဖြင့် မသေမယ့် တရား။

(၁၆/၁၇-၄-၉၄)

## ဒုက္ခအတုံးကြီး ချုပ်သွားတယ်

အဝိဇ္ဇာချုပ်ပြီး သိမှုဆိုတဲ့ ဝိဇ္ဇာလေးတစ်လုံး အသိလေးတစ်လုံး ကပ်လိုက်တာနဲ့ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ စတာတွေဟာ တစ်သီ တစ်တန်းကြီး ချုပ်ချုပ်ကုန်လိုက်တာလေ။ နောက်ဆုံး ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ ဒုက္ခအတုံးကြီး အတုံး လိုက်အတစ်လိုက်ကို ချုပ်မသွားဘူးလား (ချုပ်သွား ပါတယ်ဘုရား)။

၁၆/ ၁၇-၄-၉၄)

## ဝိပဿနာဉာဏ် (မဂ်ဉာဏ်)

မြင်စိတ်ကလေးတစ်လုံး ပေါ်လာတာဟာ အနိစ္စ ရယ်၊ ဒုက္ခရယ် အနတ္တရယ် ဒီလိုလက္ခဏာတွေ မလာ ဘူးလား (လာပါ တယ်ဘုရား)။ အဲဒီလက္ခဏာတွေ မြင်တာဟာ တခြားလား၊ မဂ်ဉာဏ်လား (မဂ်ဉာဏ် ပါဘုရား)။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်လို့ခေါ်တယ်။

(၁၆/၁၇-၄-၉၄)

## မသေဆေး

ဒကာ ဒကာမတွေ နိဗ္ဗာန်မှာ သေဦးမှာလား (မသေတော့ပါ ဘုရား)။ ဘာတဲ့ အမရိတ>သေခြင်း မရှိ၊ အမြိုက်ဆိုတာ သေခြင်းမရှိ ဒါပါပဲ။ ဒီလိုဖြစ်ရင် မသေတဲ့ဆေးဟာ တခြားဆေးလား၊ မဂ္ဂင်ဆေးလား (မဂ္ဂင်ဆေးပါဘုရား)။ ဒါဖြင့်ရင် ဒီနေ့ ဘာဆေးနည်း ဖော်ပေးတာလဲ။ မဂ္ဂင်ဆေး (ဝါ) မသေဆေးကို ဖော်ပေးလိုက်တာ။

*(၁၆/၁၇-၄-၉၄)*

## အောင်မြင်ရမယ်

ရတနာသုံးပါးကို ဦးတည်လုပ်ကိုင်နေသမျှ ဘယ်အရာမျှ မအောင်မြင်နိုင်စရာမရှိ၊ အောင်မြင်ရမယ်လို့ ဆိုလိုပါတယ်။

*(၁-၁-၉၆)*

## မကြံစည် မနှိုင်းယှဥ်အပ်

ဘုရားရှင်ရဲ့ ဂုဏ်တော်များဟာဖြင့် မကြံစည် မနှိုင်းယှဥ်အပ်ပါဘူးတဲ့။ မကြံစည် မနှိုင်းယှဥ်အပ်တဲ့ မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်များကို ကြည်ညိုအားထားသူတို့ရဲ့ အကျိုးပေးဟာလည်း မကြံစည် မနှိုင်းယှဥ်အပ်ဘူးလို့ ဆိုလိုပါတယ်။

*(၁-၁-၉၆)*

## အနိုင်အရှုံးဆိုတဲ့ အကျိုးအမြတ်

အနိုင်အရှုံးဆိုတဲ့ အကျိုးအမြတ်တွေတွက်ပြီး အငြင်းပွား နေကြရင်ဖြင့် စည်းလုံးညီညွတ်မှု ပြိုကွဲမှာ မလွဲကေန်ပါပဲ။ စည်းလုံးရေး ပျက်ပြားခဲ့တဲ့ သာဓက တွေလည်း အများအပြား ရှိခဲ့ဖူးကြပါပြီ။ နိုင်သူမှာ လည်း နိုင်လို့ ရတာက်မီးတွေပွား၊ ရှုံးသူမှာလည်း ဒုက္ခတွေများ၊ ဒီတော့ အနိုင်အရှုံးဆိုတဲ့ အကျိုး အမြတ်ရလိုမှုကို ဦးတည်ရင်ဖြင့် ငြိမ်းချမ်းရေးရဖို့ မလွယ်ကူပါဘူး။

(၁-၁-၉၆)

## စုပေါင်းဆောင်ရွက်

**“သမဂ္ဂါနံ တပေါ သုခေါ”** ဘုရားဟော ဒေသနာအရ စိတ်တူကိုယ်တူ၊ ရည်မှန်းချက်တူသူတို့ စုပေါင်း ဆောင်ရွက်ခြင်းဟာ ချမ်းသာမှုဖြစ်ပေါ်ဖို့ အကြောင်းပါပဲ။

(၁-၁-၉၆)

## ဝိပဿနာ

ဝိပဿနာလုပ်ရမယ်ဆိုတော့ ဝိ–ဆိုတာ ထူးထူးခြားခြား၊ ပဿနာ–ဆိုတာ ကြည့်တာ မြင်တာ။ ထူးထူးခြားခြားမြင်တာ။ ဝိပဿနာဆိုတော့ သူလိုကိုယ်လို သာမန်အမြင်မျိုး မဟုတ်ပါဘူး။ ထူးထူးခြားခြား ကြည့်ရမယ်၊ ထူးထူးခြားခြား မြင်ရမယ်၊ ဒါ ဝိပဿနာ။

(ကာကွယ်ရေး ဓမ္မဒေသနာမှ)

## မဂ္ဂင်က သိတာပဲ

ဒါကလေးဟာ ဖြစ်ပြီးပျက်တာပေါ့လို့ ဆိုတာသည် မဂ္ဂင်က သိတာပဲ။

(ကာကွယ်ရေး ဓမ္မဒေသနာမှ)

## ဒီဘဝ အကျိုးပေးရမယ်

သိစိတ်ကလေး။ ဒီထဲမှာ မဂ္ဂင်ငါးပါး ပါတာပဲ၊ မဂ္ဂင် ငါးပါးလည်း ပါတာပဲ။ စေတနာတွေလည်း ပါတယ်။ ဒီထဲမှာ ပါတဲ့ စေတနာက ဒီဘဝ အကျိုးပေးရမယ်လို့ မှတ်ပါ။

(ကာကွယ်ရေး ဓမ္မဒေသနာမှ)

## ဒိဋ္ဌဓမ္မအကျိုးပေးတယ်

ဝိပဿနာရှုတဲ့ ပထမဇောဟာ ဒိဋ္ဌဓမ္မအကျိုးပေးတယ်လို့မှတ်ပါ။ ဒိဋ္ဌဓမ္မဆိုတာ ဘယ်လိုပါလိမ့် မတုန်းဆိုတော့ ယခု ရှုတဲ့ အချိန်ကစပြီး ခုနစ်ရက်အတွင်း ဒီအကျိုးမပေးသေးရင် ခုနစ်နှစ်ပေါ့။

*(ကာကွယ်ရေး ဓမ္မဒေသနာမှ)*

## မဂ်ကတော့ အမြဲကယ်နိုင်တယ်

မဂ်စိတ် တစ်ခါပေါ်ရင် အပါယ်သွားရမယ့် အကုသိုလ်ကံတွေ အကုန်လုံး အဟောသိကံ ဖြစ်တယ်။ ဘာမျှ ကြောက်စရာမရှိဘူး။ သို့ဖြစ်ရင် ဝိပဿနာအလုပ်၊ မဂ်အလုပ်ကသာ ကယ်တင်နိုင်တာပေါ့။ ဒီပြင်ဟာကတော့ ယာယီပဲ ကယ်တင်နိုင်တယ်နော်။ မဂ်ကတော့ အမြဲကယ်နိုင်တယ်။ အကုသိုလ်ကံတွေ အဟောသိကံဖြစ်အောင် ကယ်နိုင်တယ်။

*(ကာကွယ်ရေး ဓမ္မဒေသနာမှ)*

## ဖြစ်ပျက်များများ မြင်အောင်လုပ်

ဝိပဿနာ ပထမဇောပေါ်အောင် များများလုပ်ရမယ်။ ဖြစ်ပျက်များများ မြင်အောင်လုပ်ရုံပဲ။ ဖြစ်ပျက်ခဏခဏ မြင်အောင်လုပ်ရုံပဲ။

*(ကာကွယ်ရေး ဓမ္မဒေသနာမှ)*

## သူကတားတယ်

ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မှာဖြင့် ဘယ်လိုပဲ အကြောင်းညီညွတ်တဲ့ ကံတွေ၊ အကုသိုလ်ကံတွေ လာစေကာမူ သူကတားတယ်။

*(ကာကွယ်ရေး ဓမ္မဒေသနာမှ)*

## မနောကံနဲ့ နှင်ပါ

ဝိပဿနာဆိုတာက ပါးစပ်က ရွတ်ရတာလား၊ စိတ်ထဲက ကြည့်ရတာလားဆိုတော့ စိတ်ထဲက ကြည့်ရှုရတာ။ မနော ထဲက ကြည့်ရှုရတာဆိုရင် မနောကံနဲ့ နှင်ပါ။ ဒီလို ကောက်ချက်ချ။

*(ကာကွယ်ရေး ဓမ္မဒေသနာမှ)*

## ပါးစပ်နဲ့ လုပ်လို့မရဘူး

ဝိပဿနာအလုပ်က မနောကံဖြစ်တော့ ပါးစပ်နဲ့ လုပ်လို့ မရဘူး။ ကိုယ်နဲ့ရှုလို့လည်း မရဘူး။ ဉာဏ်နဲ့ ဆိုတဲ့ မနောကံနဲ့မှ ရှုမှရတယ်။ တခြားသောနည်းနဲ့ ရှုလို့မရပါဘူး။

*(ကာကွယ်ရေး ဓမ္မဒေသနာမှ)*

ဒါပဲ အားကိုးရမှာ

ဘာလုပ်နေရမှာတုန်း ဆိုတော့ ဝိပဿနာလုပ်နေရမယ်။ အဲ . . . . ဝိပဿနာမနောက်ကံနဲ့ နေပါ။ ဘာမှ ကြောက်လန့် ပြီး မနေပါနဲ့၊ ဒါပဲ အားကိုးရမှာပဲ၊

*(ကာကွယ်ရေး ဓမ္မဒေသနာမှ)*

သစ္စာမသိရင်

သစ္စာမသိတဲ့ ပုဂ္ဂိုလ်ရဲ့ နေမြဲအိမ်ဟာ အပါယ်လေးပါး ဆိုတော့ သစ္စာမသိရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဒီလေးဘုံဟာ ကိုယ့်အိမ်နဲ့ အလားတူပါပဲ။ သစ္စာမသိသူတွေ နေရမယ့်အိမ်၊ သွားရမယ့် စခန်းပါပဲ။

*(၂၀-၃-၂၀၀၀)*

ဘုရားပွင့်ဘီသကဲ့သို့

ယနေ့တော့ဖြင့် တရားပွဲကြီးတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။ အဲဒါကို မြန်မာနိုင်ငံတော်ကြီးမှာ ဘုရားပွင့်ဘီသကဲ့သို့ တရားတွေ ပွင့်နေတယ်။ တရားမိုးတွေရွာနေတယ်ဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား)။

*(၂၀-၃-၂၀၀၀)*

## ဗုဒ္ဓဘာသာတရား

သစ္စာသိမှ နိဗ္ဗာန်မြင်နိုင်တာ။ ဒီတော့ သစ္စာတရား၊ မဂ္ဂင်တရားတွေဆိုတာ ဒီဗုဒ္ဓဘာသာတရားကလွဲပြီး ဘယ်မှာမျှ မရှာပါနဲ့၊ မတွေ့နိုင်ပါဘူး။

(၂၀-၃-၂၀၀၀)

## မူလတန်း ဗုဒ္ဓဘာသာ

မူလတန်း ဗုဒ္ဓဘာသာဆိုတာက ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး ကိုးကွယ်အားထားတယ်။ ဆွမ်းတော်၊ ပန်းတော်လေးတင်လို့၊ ရေချမ်းလေးကပ်လို့ ဒါမျိုးပေ့ါ။ ဒါဆိုရင် သာမန်အားဖြင့် ဗုဒ္ဓဘာသာ ဖြစ်ပါပြီ။

(၂၀-၃-၂၀၀၀)

## အလယ်တန်း ဗုဒ္ဓဘာသာ

အကြောင်းက ပဋိစ္စ၊ အကျိုးက သမုပ္ပါဒ်။ အေးဒီတော့ အကြောင်းနဲ့အကျိုးကို သိတဲ့ အလယ်တန်းဗုဒ္ဓဘာသာတစ်ဦးအနေနဲ့ ကုသိုလ်ကံအကြောင်း၊ ကုသိုလ်ကံအကျိုး၊ အကုသိုလ်ကံအကြောင်း၊ အကုသိုလ်ကံအကျိုး။ အဲဒီလို ပိုင်ပိုင်နိုင်နိုင် ခွဲခြားသိရင် ဒါအလယ်တန်းဗုဒ္ဓဘာသာ ဖြစ်ပါတယ်။

(၂၀-၃-၂၀၀၀)

## အရင်းစိုက်မှ

ကောင်းတဲ့အလုပ်တွေ လုပ်တယ်။ ကောင်းတဲ့ အပြောတွေကို ပြောတယ်။ ကောင်းတဲ့ အကြံအစည် တွေကြံတယ်ဆိုတာ တခြားလား၊ အရင်းစိုက်တာလား (အရင်းစိုက်တာပါ ဘုရား)။ အရင်းစိုက်မှလည်းပဲ ကောင်းကျိုးဆိုတဲ့ အမြတ်ထွက်ပါတယ်။

(၂၀-၃-၂၀၀၀)

## ကောင်းကျိုးတွေရမှာ

မကြံစည်နိုင်တဲ့ ဘုရားဂုဏ်ကို အာရုံပြုပြီး ယုံကြည်ကိုးကွယ်ဆည်းကပ် အားထားပြီးတော့ ရှိခိုး နေကြမယ်ဆိုရင် မန္တိုင်းယှဉ်အပ်တဲ့ အကျိုးတရားတွေ ရမယ်။ မကြံစည် မနှိုင်းယှဉ်အပ်တဲ့ အကျိုးတရား တွေရမယ်။ မကြံစည် မနှိုင်းယှဉ်အပ်တဲ့၊ ဂုဏ်ရှိတဲ့ မြတ်စွာဘုရားကို ယုံကြည်ကိုးကွယ် ဆည်းကပ်မယ် ဆိုရင် မကောင်းကျိုးပေးမှာလား၊ ကောင်းကျိုးပေး မှာလား (ကောင်းကျိုးပေးမှာပါဘုရား)။ မမျှော်မှန်းတဲ့ ကောင်းကျိုးတွေရမှာနော်။

(၂၀-၃-၂၀၀၀)

## ယုံကြည်ကိုးကွယ် အားထားရာသည်

တရားကိုမြင်မှ ဘုရားကိုမြင်၊ ဘုရားကိုမြင်မှ သံဃာကို မြင်ပြီးသား ဖြစ်ပါတယ်နော်။ အဲဒီတော့ ဘုရားကိုယ်တော် မြတ်သည့်ပင်လျှင် တရားတော်ကို ကိုးကွယ်ရာ ပြုပြီးနေတော့ တရားရှေ့တန်းတင်ဖို့ အရေးမကြီးဘူးလား (အရေးကြီးပါတယ် ဘုရား)။ ဒီလိုဖြစ်ရင် ဒကာဒကာမတွေရဲ့ ယုံကြည်ကိုးကွယ် အားထားရာသည် ဘုရား၊ တရား၊ သံဃာနော်။

(၂၀-၃-၂၀၀၀)

## ငြိမ်းချမ်းတယ်

ကောင်းတဲ့စိတ်တွေ မွေးမယ်၊ ကောင်းတဲ့ အပြောတွေ ပြောမယ်၊ ကောင်းတဲ့ အပြုအမူတွေ ပြုကြမယ်ဆိုရင် ဒကာ ဒကာမတွေ ယခုပြုရင် ယခု မငြိမ်းချမ်းဘူးလား (ငြိမ်းချမ်းပါတယ် ဘုရား)။ မနက်ဖြန်မှပြုရင် မနက်ဖြန် ငြိမ်းချမ်းတယ်။ ယခုပြုရင် ယခု ငြိမ်းချမ်းတယ်ပေါ့။ အဲဒီတော့ အခြေခံ အလယ်တန်း ဗုဒ္ဓဘာသာဝင်တစ်ဦးတစ်ယောက်ရဲ့ အခြေခံလေးရှိရင်တောင်မှ ဒကာ ဒကာမတွေ အင်မတန် ငြိမ်းချမ်းပါတယ်။

(၂၀-၃-၂၀၀၀)

ငရဲကို ကျေးဇူးပြုမှာ

စိတ်အခန့်မသင့် ဒေါသဖြစ်၊ ဟာ . . . ၊ဒီဟာ ဆိုရင်လည်း ဒေါသဖြစ်၊ ဟို သားသမီးတွေလည်း ဒေါသဖြစ်၊ ဟာ အိမ်ထောင်နဲ့ဆိုလည်း ဒေါသဖြစ်၊ စီးပွားရေး လူမှုရေးဆိုလည်း အခန့်မသင့် ဒေါသဖြစ် ဆိုတော့ ဒေါသဖြစ်တိုင်း ဒကာ ဒကာမတွေ ငရဲကို ကျေးဇူးပြုမှာ။

(၂၀-၃-၂၀၀၀)

မေတ္တာတရားလေး ကိန်းရမှာ

ကိုယ်လည်းပဲ ချမ်းသာခြင်းကို အလိုရှိသလို အားလုံးသော သတ္တဝါတွေ ချမ်းသာပါစေ၊ ကျန်းမာပါစေဆိုရင် ဒေါသမရှိဘဲနဲ့ မေတ္တာမကိန်းဘူးလား (ကိန်းပါတယ်ဘုရား)။ အဲဒီလို မေတ္တာဆိုရင် ကောင်းတဲ့အလုပ်လုပ်ရင် ကောင်းတဲ့အကျိုး မပေးဘူးလား (ပေးပါတယ်ဘုရား)။ ဒီလိုဖြင့် ဒကာ ဒကာမတွေ ကောင်းတာကို လိုချင်တဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း မေတ္တာတရားလေး ကိန်းရမှာပေါ့။

(၂၀-၃-၂၀၀၀)

အထက်တန်း ဗုဒ္ဓဘာသာ

ရုပ်နာမ်နှစ်ပါးကို မြင်လာရင် အထက်တန်း ရောက်ပြီပေါ့နော်။ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားပြီး သိလိုက်ရင် နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ ရသွားပြီ။ ရုပ်နာမ်ကိုသိရင် ဘာဉာဏ်ရတာလဲ (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား)။ နာမရူပ ပရိစ္ဆေဒဉာဏ်သည် ရုပ်ကို ပိုင်းခြားပြီးတော့သိခြင်း၊ နာမ်ကို ပိုင်းခြားပြီးတော့ သိခြင်း၊ အဲဒီလို ရုပ်နဲ့နာမ်ကို ပိုင်းခြားပြီးတော့ သိလိုက်ပြီဆိုရင် ဒကာ ဒကာမများ ဘာဗုဒ္ဓဘာသာ ခေါ်မလဲ။ အထက်တန်း ဗုဒ္ဓဘာသာ။

မြင့်တင်ဖေးမ ရှေးကကံလူ၊
လူ့ပြည် လူသား ဖြစ်ငြားလျက်မူ၊
ရုပ်နာမ်နှစ်ပါး မရှုပွားသူ၊
မမြင်ကန်း အောက်တန်းနယ်ကလူ။
မြင့်တင်ဖေးမ ရှေးကကံလူ၊
လူ့ပြည်လူသား ဖြစ်ငြားလျက်မူ၊
ရုပ်နာမ်နှစ်ပါး ပြတ်သားမြင်သူ၊
အထက်တန်း တက်စမ်းအာဂလူ။

(၂၀-၃-၂၀၀၀)

## ကိုယ်ပိုင်ပစ္စည်း

ဒကာ ဒကာမတွေ ဒါနတွေ မပြုရဘူးလား၊ သီလတွေ မဆောက်တည်ရဘူးလား၊ သမထတွေ မပွားများရဘူးလား၊ ဝိပဿနာတွေ အားမထုတ်ရဘူးလား အဲဒါကိုယ်ပိုင်ပစ္စည်းတွေနော်။

(၂၀-၃-၂၀၀၀)

## ဘုံဆိုင်ပစ္စည်း

သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး၊ သာရေး နာရေး၊ လောကရေးရာ မှန်သမျှ အဲဒါဘုံဆိုင်ပစ္စည်းတွေ။ ကိုယ်နဲ့မဆိုင်ဘူး။

(၂၀-၃-၂၀၀၀)

## ပဋိစ္စသမုပ္ပာဒ်ကို နားလည်ရမယ်

နိဗ္ဗာန်ကို ဒီဘဝ တကယ်မျက်မှောက်ပြုနိုင်ဖို့အတွက်က တခြားလုပ်ရမှာလား၊ တရားလုပ်ရမှာလား (တရားလုပ်ရမှာပါ ဘုရား)။ တရားအားထုတ်ရမယ်။ ဒီတော့ အလုပ်လုပ်ဖို့အတွက်မှာ ဘာကိုနားလည်ရမလဲ (ပဋိစ္စသမုပ္ပာဒ်ကို နားလည်ရမယ်)

(၂၀-၃-၂၀၀၀)

## ဓမ္မတာဝန်

လက္ခဏာဉာဏ်ကနေပြီးတော့ တဖြည်းဖြည်း အားထုတ်ရင်း အားထုတ်ရင်းနဲ့ လက်တွေ့လည်း တရားအားထုတ်ရော ဟော့... ဒကာ ဒကာမတွေ မဂ်ဉာဏ်ဆိုပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဉာဏ်တွေ မလာဘူးလား။ အဲဒီလို နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဉာဏ်တွေကတော့ဖြင့် ဓမ္မကနေ ကျေးဇူးပြုမယ့် ဓမ္မတာဝန်ဖြစ်ပါတယ်။

(၂၀-၃-၂၀၀၀)

## ရုပ်နဲ့နာမ် ပိုင်းခြားမြင်ဖို့ လိုတယ်

အထက်တန်း ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်ဖို့ အတွက်က ဘာကို မြင်ဖို့လိုလဲ (ရုပ်နဲ့နာမ်ကို မြင်ဖို့ လိုပါတယ်ဘုရား)။ ရုပ်နဲ့နာမ်ကို ပိုင်းခြားမြင်ဖို့ လိုတယ်နော်။ အဲဒီတော့ ရုပ်နာမ် နှစ်ပါးကို ဒကာ ဒကာမများ ရှုပွားရမယ်လို့ တိုက်တွန်းပါတယ်။

ရုပ်နာမ်နှစ်ပါး ရှုပွားဖို့ရာ
ဘာမျှဝန်လေး သင်ငေးနေတာ
နေ့ရက်လပြုန်း သေဆုံးတော့မှာ
သင့်ဘဝ သင်မှ အားမနာ။

(၂၀-၃-၂၀၀၀)

## ရှက်စရာကြီးပဲနော်

ရုပ်နာမ်နှစ်ပါး ရှုနေတဲ့ သူတော်ကောင်းတွေ အများကြီး မရှိဘူးလား။ အေး . . . သူများတွေ ရှုနိုင်ပြီးတော့ ကိုယ် မရှုနိုင်လည်း ဒကာ ဒကာမတွေ ရှက်စရာကြီးပဲနော်။

ရှုကြ မှတ်ကြ နောက်ကျမယ်နော်၊
အတူတူပဲ သူပဲလိုကွယ်၊
သူတို့လိုမှ မရလေတယ်၊
အများထဲ အားနည်း ရှက်စဖွယ်။

(၂၀–၃–၂၀၀၀)

## ဝိညာဏ်ပေါ်တိုင်း ရုပ်နာမ်ပါ

ဝိညာဏ်ဆိုတဲ့ တစ်လုံးပေါ်တိုင်း ပေါ်တိုင်း ရုပ်နဲ့ နာမ်နဲ့ ပါပြီးသား။ ဒါက ဒကာ ဒကာမတွေရဲ့ ခေါင်းကနေ ခြေဖျားအထိ အာရုံခြောက်ပါး၊ ဒွါရ ခြောက်ပေါက်မှ ရုပ်နာမ်တွေ ပေါ်ပုံ ပြောပါတယ်။ မြင်တိုင်း မြင်တိုင်း ရုပ်နာမ်သိပါ။ ကြားတိုင်း ကြားတိုင်း (ရုပ်နာမ်သိပါ ဘုရား)။ အဲဒီ ရုပ်နာမ်ထဲမှာ ငါပါရဲ့လား (မပါပါဘူး ဘုရား)။ ငါ မပါဘူး။ မြင်တိုင်း မြင်တိုင်း ဘာကြောင့် ရုပ်နာမ်လည်းဆိုတော့ အခု ဆိုကြပါစို့။ ကဲ . . . မျက်စိ။ မျက်စိဆိုတော့ သန်း ဦးခေါင်း ပမာဏရှိတဲ့ မျက်လုံးအိမ်ထဲက အကြည်

ခါတ်ကလေးက မျက်စိလို့ ခေါ်တယ်။ အဲဒီ မျက်စိ အကြည်သည် ယောကျ်ားဟုတ်ကဲ့လား၊ မိန်းမ ဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)။ ဒီလိုဖြင့် မျက်စိအကြည်သည် ရုပ်တရားပါ။ ဒီလိုဖြင့် ရုပ်တရားသိတဲ့ အချိန်သည် ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါပျောက်တာ။ တခြားကြောင့် ပျောက်တာ မဟုတ်ဘူးနော်။ သြော် မျက်စိအကြည်သည် ရုပ်ပဲ။ ခါတ်လေးပါး စုဖွဲ့တဲ့ရုပ်ပဲလို့ သိလိုက်တာနဲ့ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ပျောက်ပါတယ်နော်။

- မြင်တာဘာတဲ့လဲ၊ မြင်သိရုပ်နာမ်ပဲ။
  မြင်သိမပြဲ မြင်ဆင်းရဲ မြင်ထဲငါမပါ
  အဲဒါ သဘာဝ အနတ္တာ။
- ကြားတာ ဘာတဲ့လဲ၊ ကြားသိရုပ်နာမ်ပဲ။
  ကြားသိမပြဲ ကြားဆင်းရဲ ကြားထဲငါမပါ၊
  အဲဒါ သဘာဝအနတ္တာ။
- မွှေးတာဘာတဲ့လဲ၊ မွှေးသိရုပ်နာမ်ပဲ။
  မွှေးသိမပြဲ မွှေးဆင်းရဲ မွှေးထဲငါမပါ၊
  အဲဒါ သဘာဝ အနတ္တာ။
- စားတာဘာတဲ့လဲ၊ စားသိရုပ်နာမ်ပဲ။
  စားးသိမပြဲ စားဆင်းရဲ စားထဲငါမပါ၊
  အဲဒါ သဘာဝ အနတ္တာ။

◆ တွေ့တာဘာတဲ့လဲ၊ တွေ့သိရုပ်နာမ်ပဲ။
တွေ့သိမပြဲ တွေ့ဆင်းရဲ တွေ့ထဲငါမပါ၊
အဲဒါ သဘာဝ အနတ္တာ။
◆ ကြံတာဘာတဲ့လဲ၊ ကြံသိရုပ်နာမ်ပဲ။
ကြံသိမပြဲ ကြံဆင်းရဲ ကြံထဲငါမပါ၊
အဲဒါ သဘာဝ အနတ္တာ။

(၂၀-၃-၂၀၀၀)

## ငရဲမျိုးစေ့

သက္ကာယဒိဋ္ဌိဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်။ ငရဲမျိုးစေ့ခေါ်ပါတယ်။ ရုပ်နဲ့နာမ် မသိတဲ့ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်းမှာ ရင်ထဲမှာ ငရဲမျိုးစေ့ရှိတယ်။ ဒီတော့ အထက်တန်းဗုဒ္ဓဘာသာ တစ်ယောက်အနေနဲ့ အဲဒီငရဲမျိုးစေ့ တန်းလန်းကြီးနဲ့ ဒါန သီလ ဘာဝနာတွေ လုပ်ချင်တာလုပ်။ ငရဲမျိုးစေ့ရှိတဲ့ ပုဂ္ဂိုလ်သည် အပါယ်ကနေ လွတ်ပါမလား။ သို့သော် အပါယ်တော့ တိုက်ရိုက်မကျဘူး။ သုဂတိကနေပြီးတော့ ဒကာ ဒကာမတွေ အဲဒီ ငရဲမျိုးစေ့က အောက်ကို ဆွဲမချဘူးလား၊ အဲဒီဆွဲချတဲ့အတွက် ငရဲမျိုးစေ့ဆိုတာ တခြားပြောတာ မဟုတ်ဘူး။ သက္ကာယဒိဋ္ဌိကို ပြောပါတယ်။

(၂၀-၃-၂၀၀၀)

## ဒိဋ္ဌိဖြုတ်နည်း

ပဋိစ္စသမုပ္ပါဒ်တွေ သင်တာဟာ တခြားဖြုတ်ဖို့လား၊ ဒိဋ္ဌိဖြုတ်ဖို့လား။ အဲဒီတော့ ဒိဋ္ဌိဖြုတ်ဖို့ အသိဉာဏ်နဲ့ဖြုတ်၊ အပွားဉာဏ်နဲ့ဖြုတ်၊ အပါယ်ဉာဏ်နဲ့ဖြုတ်ဆိုတော့ ဒိဋ္ဌိဖြုတ်နည်း ဘယ်နှနည်း (သုံးနည်းပါဘုရား)။

(၂၀-၃-၂၀၀၀)

## စိန်ခေါ်ခြင်း

အဝိဇ္ဇာချုပ်မှ သင်္ခါရချုပ်မယ်၊
သင်္ခါရချုပ်မှ ဝိညာဏ်ချုပ်မယ်၊
ဒါဆိုမှ သေခြင်းကို စိန်ခေါ်ရမှာ။

## ပဋိစ္စသမုပ္ပါဒ်လည်ပုံ

အဝိဇ္ဇာဘယ်မှာနေ မိမိစိတ်မှာနေ၊
တစ်ခါတလေမိုက်မဲမှု သင်္ခါရကိုပြု၊
သင်္ခါရပြုတော့ ဝိညာဏ်တွယ်၊
နာမ်ရုပ်အိမ်ကိုဆွယ်။

အမှီခြောက်သွယ်မှန်တံခါး ကောင်းစွာတပ်
ဆင်ထား၊
အာရုံခြောက်ပါး တွေ့ဆုံသော်၊
ဝိညာဏ်ခြောက်ပါး ဆိုင်ရာပေါ်၊
ပေါ်လာလေတဲ့ အာရုံများ၊
ကောင်းစွာ သူ ခံစား။
ခံစားပြီးတော့ လိုချင်ပြန် စွဲလမ်းဥပါဒါန်၊
ဥပါဒါန်ကြောင့် ရလို့မှု၊
ကံတွေ ကံတွေ ထပ်ဆင့်ပြု
ကံပြုမိတော့ ဇာတိပေါ် နာမ်ရုပ်အသစ်ခေါ်
နာမ်ရုပ်ပေါ်တော့ အိုနာဆုံး၊
သေတော့ ခေါင်းတစ်လုံး။

- ကိုယ်နဲ့အသက် မငဲ့ကွက် ရက်စက်နိုင်ရမည်။
- ဖြစ်ပျက်သမ္မ သင်္ခါရ ဒုက္ခသစ္စာမှတ်။
- ရုပ်နာမ်အစု ငါ ကောင်ဟု ထင်မှုမရှိပါ။
ဘုရား တရား သံဃာအား ယုံမှားမရှိပါ။
သစ္စာမမြင် မဂ္ဂင်မပါ လေ့ကျင့်ကာဖြင့်
ချမ်းသာမြဲမည် မယုံကြည် ကုန်မည် သီလဗ္ဗတ။
- ရွှေဘုံပေါ်မှာ နေရပေမယ့်
တရားမသိတော့ ရင်လေးတယ်။

တဲကုပ်ထဲမှာ နေရပေမယ့်
တရားသိတော့ ရင်အေးတယ်။
သေရေး ရှင်ရေး အစဉ်တွေးလို့ ရင်အေးအောင်
မြင်တာကို 'ငါ' မလုပ်နဲ့
နာမ်ရုပ်ကို ဖြစ်ပျက်ရှုရမယ်။
ငါဆိုတာ ဘယ်မှာလဲလို့ရှာ၊
သူဆိုတာ ဘယ်မှာလဲလို့ရှာ၊
ဉာဏ်ပညာ ဆက်ကာတွေး၍ရှာ၊
ခက်မာဖွဲ့စေး ပူအေးသွားလာ ဝိညာဏာ။
ဒါန နည်းတော့ မွဲတတ်တယ်။
သီလနည်းတော့ အသက်တိုမယ်။
ဘာဝနာနည်းတော့ စိတ်ဆင်းရဲမယ်။
ဝိပဿနာနည်းတော့ နိဗ္ဗာန်နဲ့လွဲမယ်။
ဒါနလောက်သာ တင်းတိမ်ကာဖြင့်
လေးရွာအပါယ် လွတ်ပြီကွယ်ဟု
စိတ်ဝယ်ရွှင်ပျ အားရ၍လည်းမနေနဲ့။
သီလလောက်သာ တင်းတိမ်ကာဖြင့်
လေးရွာအပါယ် လွတ်ပြီကွယ်ဟု
စိတ်ဝယ်ရွှင်ပျ အားရ၍လည်းမနေနဲ့။

- ကျွတ်တမ်းဝင်မျှော် များသူတော်တို့
ရှင်တော်ဗုဒ္ဓ ဒုလ္လဘ၌ ရောက်ထခုခါ
ဝိပဿနာကို ခါခါဖွားဖို့ မမေ့နဲ့။

- ကိုယ့်ဒါနကြောင့် လာရလူ့ရွာ၊
ကိုယ့်သီလကြောင့် ဤမျှခုကြာ၊
သူတို့ကျေးဇူး မေ့ဖူးဘယ်ခါ၊
မင်္ဂယာဉ်စီး အပြီးနေတော့ကွာ။

- ကပ်ငြိတွယ်တာ စေးမပါဘဲ
ဆိုင်ရာအာရုံ မစုံမမက်
နှစ်သက်မရှိ လိုချင်ဘိ
မှတ်သိဆန္ဒ သဘောတည်း။
ကပ်ငြိတွယ်တာ အစေးပါ၍
ဆိုင်ရာအာရုံ စုံစုံမက်မက်
နှစ်သက်တောင့်တ လိုချင်က
လောဘသဘောတည်း။

- လောဘကိုယ့်တွက် ရည်ရွယ်လျက်
သူ့တွက် အကျိုးထင်
မေတ္တာသူ့အတွက် ရည်ရွယ်လျက်
ကိုယ့်တွက် အကျိုးထင်။

ငါသည် မုချသေရမည်။ အချိန်ပိုင်းသာလို တော့သည်။

အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ပါ တော့မည်။

သာသနာဆိုသည်မှာ ဘုန်းကံရှိသူများ အတွက် ပါ။

အအားနေခြင်း၊ အလကားနေခြင်းသည် မတရားနေခြင်းဖြစ်သည်။

သားရေး သမီးရေး စီးပွားရေး နောက်ထား။

သစ္စာသိအောင် အရင်လုပ်။

ဝေဒနာခွာ၍ ဖြစ်ပျက်ရှုပါ။

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေ လောဘမကြီးနဲ့၊ ဗျာ မများနဲ့၊ ပျာယာမခပ်နဲ့။

ဝိပဿနာဆိုသည်မှာ အကျင့်မခက် အသိ ခက်၏။

သေခြင်းတရားကတော့ မအားသေးတာကို မစောင့်ဘူး။ ကနေ့ သေတဲ့မသာတွေ အားလို့ သေတာယ်ဆိုတာ တစ်ယောက်မျှ မရှိပါဘူး။ ဇာတိရရင် သေရမှာ အမှန်သိရက်နဲ့ ဇာတိ တစ်ဖန်ရဖို့ ကြိုးစားခြင်းသည် သေဆေးဖော် စားနေကြခြင်းဖြစ်တယ်။